# ဇာတိမြေလှပလာသောကြောင့် အဝေးရောက်သူများက ရှင်လန်းနှစ်သိမ့်ကြ

"လှ/မလှ၊ ဇာတိရေ၊ ရင်း/မရင်း၊ ဇာတိသူ"။ တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ယူနန်ဝူးမုန်တောင်တန်းဒေသ၏ အထွတ်အထိပ်တွင်တည်ရှိသောဟွေ့ကျဲခရိုင်တာ့ဟိုင် ကျေးရွာအုပ်စု၌ အိမ်တိုင်းလိုလို ပီတိရွှင်မြူး၍ ရွာတိုင်းလိုလို နွေဦးသစ်စသာယာကြည်နူးလှသည်။

အဝေးတွင် လုပ်ငန်းကိုင်ငန်းလုပ်ကိုင်ကြသူများသည် ဇာတိမြေသို့ပြန်လာကြပြီး မိသားစုဝင်များနှင့်စုဝေးဆုံတွေ့ကြသည့်တစ်ချိန်တည်း လွန်ခဲ့သည့်နှစ်တွင် ရရှိခဲ့သမျှအောင်မြင်မှုရလဒ်များကိုခံစားရင်း ဇာတိမြေအပြောင်းအလဲကြီး ပြောင်းလဲသွားခြင်းအတွက်လည်း အလိုက်တလှဲဖြစ်မိကြသည်။

"အရင်တုန်းက အိမ်ပြန်ရင်မြေမှုန့်တွေ နေရာအနှံ့သို့ လွင့်ပျံ့လေ့ရှိတယ်။ ဂျစ်ကားမောင်းရတာတောင် ယိမ်းထိုးလှုပ်ခါဖြစ်တတ်ပြီး အရမ်းပင်ပန်းပါတယ်။ အခုတော့ ကတ္တရာလမ်းကို အိမ်ဝအထိဖောက်လုပ်ပေးတာမို့ အရင်တုန်းက စိတ်ညစ်စရာများကို ဖြေရှင်းပေးနေပြီ။ အရမ်းဝမ်းသာပါတယ်"။ ဖူကျန့်ပြည်နယ်ရှာ့မိန်မြို့တွင် လုပ်ငန်းလုပ်ကိုင်ပြီး နှစ်သစ်ကူးပွဲတော်ကူးရန် အိမ်ပြန်လာသောတာ့ဟိုင်ကျေးရွာအုပ် စုလီဆူဖင်ရွာအဖွဲ့ (၄)မှ ရွာသားဝမ်ရှင်မင်အတွက် အကြီးမားဆုံးသောခံစားချက်မှာ လမ်းညီလာပြီ၊ လမ်းကျယ်လာပြီ၊ ပတ်ဝန်းကျင်ကောင်းလာပြီ၊ ဆွေမျိုးများ၏ မျက်နှာတွင် အပြုံးများလာပြီ . . . စသည့်တို့ ဖြစ်သည်။

စုံစမ်းမေးမြန်းခြင်းအရလွန်ခဲ့သည့် (၃)နှစ်အတွင်းယင်းရွာသည် "တစ်ရွာလုံးအတိုင်းအတာဖြင့် ဖော်ဆောင်ရေး" ဟူသော ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ စုစုပေါင်းယွမ် (၁. ၀၈)ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ယင်းစီမံကိန်းသည် ဆင်းရဲရွာ(၂၂)ရွာ၊ ရွာအဖွဲ့ (၁၈၂)ဖွဲ့ကို လွှမ်းခြုံခဲ့ပြီး အိမ်ထောင်(၈၈၀၀)ကျော်၊ ရွာသူရွာသားပေါင်း (၃)သောင်းကျော်ကို အကျိုးခံစားစေခဲ့ကြောင်း၊ တောင်သူလယ်သမားများ၏ တစ်ဦးချင်း အသားတင်ပျမ်းမျှဝင်ငွေမှာ ယခင်ယွမ်(၂၆၀၀)မှ ယခုယွမ်




(၆၄၆၀)အထိတိုးတက်လာပြီး ရွာသူရွာသားဦးရေ (၄၅၃၄)ဦးအတွက် ဆင်းရဲနွမ်းပါးမှု ပပျောက်ပေးကာ ဖိုင်ဖွင့်မှတ်တမ်းတင် ထားသောဆင်းရဲသူဦးရေ၏ ၃၅% ပါဝင်ကြောင်း သိရှိရသည်။

သတင်းထောက် - ကျန်ဝင်၊ ထန်ဟိုင်ကျိန်း

# တောင်အာရှ၊ အရှေ့တောင်အာရှမှ ပင်လယ်စာများကို စားပွဲပေါ်သို့လတ်လတ်ဆတ်ဆတ်တင်နိုင်

ဖေဖော်ဝါရီ ၅ရက်နေ့တွင် ထိုင်းနိုင်ငံမှ တင်သွင်းလာသော Penaeus monodon ပုဇွန်(၁၂၅)ထုပ် စုစုပေါင်း(၁. ၄၆)တန်၊ အိန္ဒိယနိုင်ငံမှ တင်သွင်းလာသော Scylla ဂဏန်း (၈၂)ထုပ် စုစုပေါင်း(၁. ၃)တန်ကို ကူမင်းချန်ရွှေ့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်လာခဲ့သည်။ တိုတောင်းလှသည့် မိနစ်(၂၀) အတွင်း ပိုင်ရှင်သည် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နိုင်ပြီး ကုန်ပစ္စည်းများထုတ်ယူရန်အဆင်သင့်ဖြစ်နေတော့သည်။ ကူမင်းမြို့ ယီကျင့်ယွမ် ပို့ကုန်သွင်းကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းဖြစ်သူ လျူဟွာရှန်းသည် "ဒီတစ်သုတ်ပင်လယ်စာဟာ ကူမင်းမြို့သူမြို့သားတို့ရဲ့ စားသုံးမှုကို ရောင့်ရဲပေးနိုင်သည့် အပြင်ချိန်ဒူး၊ ချုံချင့်နဲ့ဝူဟန့်စသည့် ဈေးကွက်များသို့လည်း တဆင့်ပို့ဆောင်သွားမယ်"ဟု မိတ်ဆက်လိုက်သည်။




လျူဟွာရှန်းက ကူမင်းအကောက်ခွန်ဌာနသည် သီးသန့်လမ်းကြောင်းဖွင့်လှစ်ပေး၍ ပင်လယ်စာများကို လျင်မြန်စွာစစ်ဆေးပြီး ဈေးကွက်အသီးသီးသို့ အချိန်မီရောက်ရှိနိုင်ရန် အာမခံပေးခြင်းအတွက် အထူးချီးကျူးပေးခဲ့သည်။

ယူနန်နယ်စပ်ဒေသများကို အရှိန်အဟုန်ဖြင့် တံခါးဖွင့်လှစ်၍ အပြန်အလှန်ဆက်သွယ်ရေး အချက်အလက်ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ယူနန်သည် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများအကြား စီးပွားရေးဆက်ဆံမှုလည်း အဆက်မပြတ်ချဲ့ထွင်လာနေသည်။ ၎င်းအနက် တောင်အာရှ၊ အရှေ့တောင်အာရှမှ ပင်လယ်စာများသည် ယင်း "အခွင့်ကောင်း" ယူ၍ဝင်လာပြီး ယူနန်နှင့်တရုတ်ပြည်တွင်းရှိ အခြားမြို့များ၏ဈေးကွက်များအား ပေါကြွယ်စွာထောက်ပံ့ပေးခဲ့သဖြင့် စားသုံးသူများ၏အကြိုက်ခံခဲ့ရသည်။ ၎င်းအတွက် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများသည် ကူမင်းလေဆိပ်ရှိအကောက်ခွန်ဌာနနှင့် အားထုတ်ပူးပေါင်းခဲ့ကြသည်။ အထူးသဖြင့် အကောက်ခွန်ဌာနသည် နှစ်သစ်ကူးပွဲတော်ပို့ဆောင်ရေး ကာလအတွင်း ကုန်ပစ္စည်းများကို တွင်ကျယ်အောင်ဂိတ်ဖြတ်နိုင်စေရန် အထူးလုပ်ဆောင်ချက်များဖြင့် ပင်လယ်စာပစ္စည်းများ အချိန်မီထောက်ပံ့ပေးရန် ဆောင်ရွက်ခဲ့သည်။ တောင်အာရှ၊ အရှေ့တောင်အာရှမှ ပင်လယ်စာများကို တရုတ်ဈေးကွက်တွင် လတ်လတ်ဆတ်ဆတ် စားပွဲတင်ရန် အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သည်။

သတင်းထောက် - ဝူဖင်

# ယူနန်အမျိုးသားဥယျာဉ်တည်ဆောက်ရေးသည် "ဦးဆုံးလုပ်ငန်း(၅)ရပ်" ကို အကောင်အထည်ဖော်နိုင်ခဲ့

ယခုရက်ပိုင်းတွင်သတင်းထောက်သည် ယူနန်ပြည်နယ်အစိုးရသစ်တောရေးရာဌာနမှ ရရှိသော သတင်းအရ "(၁၂)ခုမြောက် ငါးနှစ်စီမံကိန်း" ဖော်ဆောင်သည့်အချိန်မှစ၍ ယူနန်ပြည်နယ်သည် အစိုးရဦးစီးခြင်း၊ အဖက်ဖက်ပူးပေါင်းပါဝင်ခြင်း၊ ဒေသအလိုက်၊ အမျိုးအစားအလိုက် စီမံအုပ်ချုပ်ခြင်း အစရှိသည့် နည်းလမ်းများဖြင့် နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး ယူနန်၏ ဝိသေသ ထူးခြားချက်ပါသော အမျိုးသားဥယျာဉ်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို တက်ကြွစွာ စူးစမ်းလေ့လာခဲ့ကြောင်း၊ တစ်နိုင်ငံလုံးတွင် "ဦးဆုံးလုပ်ငန်း(၅)ရပ်"ကို အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း သိရှိရသည်။

အမျိုးသားဥယျာဉ်တည်ဆောက်ရေးစမ်းသပ်ဖွိုင့်ကို ဦးဆုံးဆောင်ရွက်ခြင်း။ ကျယ်ပြန့်စွာ စုံစမ်းလေ့လာခြင်း၊ နက်ရှိုင်းစွာ အကျိုးသင့်အကြောင်းသင့် ဆင်ခြင်သုံးသပ်ခြင်း၏ အခြေခံပေါ်မူတည်၍ နိုင်ငံတော်အစိုးရသစ်တောရေးရာ ဦးစီးဌာနချုပ်၏ ခွင့်ပြုချက်ဖြင့် တစ်နိုင်ငံလုံး၌ အမျိုးသားဥယျာဉ်တည်ဆောက်ရေး စမ်းသပ်ဖွိုင့်လုပ်ငန်းကို ဦးဆုံးဖော်ဆောင်ခဲ့သည်။

**တရုတ်ပြည်မကြီးတွင် ပထမခုမြောက်အမျိုးသားဥယျာဉ်ကိုဦးဆုံးတည်ဆောက်ခြင်း။**

၂၀၀၇ ခုနှစ်တွင် ယူနန်ပြည်နယ် အစိုးရသည် ဆိုင်းဘုတ်တင်ခွင့်ပြုခဲ့ပြီး ၂၀၁၁ခုနှစ်တွင် ရှန်ဂရီလာဖူတာချော အမျိုးသားဥယျာဉ်တည်ဆောက်ရေးဆိုင်ရာ ခွင့်ပြုမိန့်ချမှတ်ခဲ့သောကြောင့် တရုတ်ပြည်မကြီးတွင် ပထမခုမြောက် အမျိုးသားဥယျာဉ်ကို တည်ဆောက်ခဲ့သည်။

အမျိုးသားဥယျာဉ်ရေးရာစနစ်ကို ပဏာမအားဖြင့် ဦးဆုံးထူထောင်ခြင်း။ ယူနန်ပြည်နယ် အစိုးရသည် 《အမျိုးသားဥယျာဉ် တည်ဆောက်ရေးစမ်းသပ်ဖွိုင့်လုပ်ငန်းအကောင်အထည်ဖော်ရန် ထင်မြင်ယူဆချက်》 ထုတ်ပြန်ခဲ့သည်။ 《အမျိုးသားဥယျာဉ်လျှောက်တင်ရန်လမ်းညွှန်》နှင့်《အမျိုးသားဥယျာဉ် စီမံအုပ်ချုပ်ရေးအတွက် အကဲဖြတ် သုံးသပ်ရန်လမ်းညွှန်》 စသည့်ပေါ်လစီဆိုင်ရာ စာရွက်စာတမ်းများကိုထုတ်ဝေခဲ့ပြီး အမျိုးသားဥယျာဉ်စမ်းသပ်ဖွိုင့်တည်ဆောက်ရေးလုပ်ငန်းကို စည်းကမ်းတကျ စနစ်တကျဖော်ဆောင်ရန် ညွှန်ကြားပေးခဲ့သည်။

**အမျိုးသားဥယျာဉ်စီမံအုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်၍ ဒေသန္တရစည်းမျဉ်းဥပဒေကို ဦးဆုံးပြဋ္ဌာန်းခြင်း။**

《ယူနန်ပြည်နယ်အမျိုးသားဥယျာဉ်စီမံအုပ်ချုပ်ရေးနည်းစနစ်》ကိုချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်ဇန်နဝါရီလ ၁ ရက်မှ စတင်ကျင့်သုံးခြင်းဖြစ်သည်။

အမျိုးသားဥယျာဉ် တည်ဆောက်ရေး၏ စံပြအဖြစ် ဦးဆုံးဖြစ်လာခြင်း။ ယူနန်ပြည်နယ်၏ အမျိုးသားဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းသည် သိပ္ပံနည်းကျသော စီမံအုပ်ချုပ်ရေးပုံစံနှင့် ပြီးပြည့်စုံသောကာကွယ်ရေးနည်းလမ်းဖြင့်ဖော်ဆောင်ခဲ့သဖြင့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမဟာမိတ်စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အသိအမှတ်ပြုခံခဲ့ရပြီး ယူနန်ပြည်နယ်မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ကောင်းမွန်လှသော သရုပ်သကန်ကို ဆတက်ထမ်းပိုးတိုးမြှင့်တင်နိုင်သည်။

သတင်းထောက် - ဟူရှောင်ရုံ

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# ယူနန်ပြည်ပကုန်သွယ်မှုသည် တက်ကြွသည့် Signal ကြီး(၆)ခုကို ထုတ်လွှတ်နေ

မကြာမီသတင်းထောက်က ကူမင်းအကောက်ခွန်ဌာနမှ ရရှိသောသတင်းအရ ၂၀၁၅ ခုနှစ်အတွင်း ယူနန်၏ပြည်ပကုန်သွယ်မှုအခြေအနေကို သုံးသပ်ခြင်းအားဖြင့် ထိုင်းမှိုင်းသောအဆင့်တွင် ဆက်လက်တည်ရှိနေသော်လည်း အချို့သောနယ်ပယ်တွင်မူ တက်ကြွစွာပြောင်းလဲခြင်း၊ ကောင်းမွန်စွာ တိုးတက်ခြင်းဖြစ်သည့် အခြေအနေကောင်းဖြစ်ပေါ်လာနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင် “(၁၃)ခုမြောက်ငါးနှစ်စီမံကိန်း”ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသစ် ဖွင့်လှစ်နိုင်ရေးအတွက် အရေးပါသောအခန်းထဲပါဝင်နေကြောင်းသိရှိရသည်။ အထက်ပါ signal ကြီး(၆)ခုတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁)ယူနန်နယ်စပ် အပြန်အလှန်ကုန်ရောင်းကုန်ဝယ်ပမာဏသည် ယွမ်(၁၀)ဘီလီယံကို ပထမဆုံးအကြိမ်ချိုးဖောက်နိုင်ခဲ့ပြီး ယူနန်ပြည်ပကုန်သွယ်မှု၏ တိုးတက်ဗွိုင့်သစ်ဖြစ်ပေါ်လာတော့သည်။ ၎င်းအနက်သမားရိုးကျအပြန်အလှန်ကုန်ရောင်းကုန်ဝယ်မှ သွင်းကုန်များသည် ဆက်လက်လျင်မြန်စွာ တိုးတက်လျက်ရှိပြီး ပင်လယ်စာကုန်ပစ္စည်းတင်သွင်းမှုအတွက်လည်း အောင်မြင်မှုရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နယ်စပ်အပြန်အလှန်ကုန်ရောင်းကုန်ဝယ်ပမာဏကို အကောက်ခွန်ဌာန၏ ကုန်သွယ်မှုဆိုင်ရာစာရင်းကောက်ရန်အမည်စာရင်းထဲသို့ ပထမဆုံးအကြိမ် ထည့်သွင်းလိုက်သည်။ ယင်းစာရင်းအရ တစ်ပြည်နယ်လုံး၏ နယ်စပ်အပြန်အလှန်ကုန်ရောင်းကုန်ဝယ်ပမာဏမှာယွမ်(၁၀. ၃၇)ဘီလီယံရှိပြီး (၁၀)ဘီလီယံကို ပထမဆုံးအကြိမ်ချိုးဖောက်၍ အလားတူကာလကထက် ၃၃% တိုးတက်ခဲ့ကြောင်း သိရသည်။ မုန်လာ၊ မုန်တင်၊ ထျန်းပေါင်၊ ရွှေလီ၊ ချင်းရွှေဟော်နှင့် ဟော်ခိုဖြစ်ကြသည့်နယ်စပ်ဂိတ်များတွင် ယွမ်(၁)ဘီလီယံကို အသီးသီးချိုးဖောက်ခဲ့ပြီး အထက်ပါနယ်စပ်ဂိတ်(၆)ခုရှိနယ်စပ်အပြန်အလှန်ကုန်ရောင်းကုန်ဝယ် ပမာဏစုစုပေါင်းသည် တစ်ပြည်နယ်လုံး အပြန်အလှန်ကုန်ရောင်းကုန်ဝယ်ပမာဏ၏ ၇၇. ၇% ပါဝင်ခဲ့သည်။ သမားရိုးကျအပြန်အလှန်ကုန်ရောင်းကုန်ဝယ်၏ သွင်းကုန်များသည် လျင်မြန်စွာတိုး တက်လျက်ရှိနေသည်။ ဥပမာပဲစိမ်း၊ Pistachios၊ နှမ်းကြီး၊ ငှက်ပျောစသည့် သွင်းကုန်ဇယားရှေ့(၄)မျိုးစလုံးသည် ၈၀% အထက်ဖြင့် တိုးတက်လျက်ရှိနေသည်။ ထို့အတူပင်လယ်စာစသည့် ရေထွက်ပစ္စည်းတင်သွင်းမှုလည်း လျင်မြန်စွာတိုးတက်လာပြီးပမာဏကြီးမားစွာဖြစ်တည်လာကာ အပြန်အလှန်ကုန်ရောင်းကုန်ဝယ်၏ တိုးတက်ဗွိုင့်သစ်ဖြစ်ရန် အလားအလာရှိသည်။ ဥပမာ ရေခဲပုဇွန်တင်သွင်းခြင်းသည် ၂၀၁၄ ခုနှစ်၏ ယွမ်(၄. ၃)သိန်းမှ ယခုနှစ်၏ ယွမ်သန်းပေါင်း(၂၀၀)အထိ တိုးတက်လာသည်။ (၂) ကုန်သွယ်မှုပုံစံပိုမို ကျိုးကြောင်းဆီလျော်လာခြင်းဖြစ်သည်။ ပုံမှန်ကုန်သွယ်ရေး၏ အချိုးအစားပိုမိုမြှင့်တင်လာသည်။ ကုန်ကြမ်းအချောကိုင်ကုန်သွယ်မှု၊ တင်သွင်းငှားရမ်းကုန်သွယ်မှုနှင့် ပြည်ပကန်တရိုက်ယူတင်ပို့မှုတို့မှာ တိုးတက်ရန်အလားအလာကောင်းမွန်လှသည်။ ၂၀၁၅ ခုနှစ်တွင် ယူနန်၏ ပုံမှန်ကုန်သွယ်မှုပမာဏသည် ယွမ်(၁၀၉. ၆၄)ဘီလီယံသို့ ရောက်ရှိခဲ့သည်။ တစ်ပြည်နယ်လုံးပြည်ပကုန်သွယ်မှုပမာဏ၏ ၇၂% ပါဝင်ခဲ့သည်။ ပါဝင်ခဲ့သည့် အချိုးအစားမှာ ၂၀၁၄ ခုနှစ်ထက် ၁၀. ၉% တိုးတက်ခဲ့သည်။ (၃) ကုန်သွယ်ဖက်ပိုမိုများပြားလာပြီး အဓိကကုန်သွယ်ဖက်များ၏ အချိုးအစားကိုလည်း ဆတက်ထမ်းပိုးတိုးမြှင့်တင်လာနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် ယူနန်ပြည်နယ်သည် အကြီးဆုံးသော ကုန်သွယ်ဖက်ဖြစ်သည့်အာဆီယံနှင့်ကုန်သွယ်မှုပမာဏမှာ ယွမ်(၈၁. ၈)ဘီလီယံဖြစ်ပြီး တစ်ပြည်နယ်လုံးပြည်ပကုန်သွယ်မှုပမာဏ၏ ၅၃. ၇% ပါဝင်ခဲ့သည်။ ပါဝင်ခဲ့သည့်အချိုးအစားမှာ ၂၀၁၄ ခုနှစ်ထက် ၅. ၄% တိုးတက်ခဲ့သည်။ ၎င်းအနက် ယူနန်-ဗီယက်နမ်ကုန်သွယ်မှုပမာဏမှာ ၅၁. ၁% တိုးတက်ခဲ့ပြီး ယူနန်-ထိုင်း ကုန်သွယ်မှုပမာဏမှာ ၅၉. ၇% တိုးတက်ခဲ့သည်။ တစ်ချိန်တည်းတွင် ယူနန်ပြည်နယ်သည် ကုန်းပိုင်း ပိုးလမ်းမကြီးတစ်လျှောက်ရှိနိုင်ငံ(၄၇)နိုင်ငံနှင့် ကုန်သွယ်မှုပမာဏမှာ ၂% ဖြင့် အနည်းငယ် ကျဆင်းသွားသည်။ ၎င်းအနက် ယူနန်-အိန္ဒိယ ကုန်သွယ်မှုပမာဏသည် ၄၆. ၆% တိုးတက်ခဲ့သည်။ ယင်းတိုးတက်နှုန်းသည် တစ်ပြည်နယ်လုံးရှိ ပြည်ပကုန်သွယ်မှု၏ အထွေထွေအခြေအနေထက် ပိုမိုကောင်းမွန်ပါသည်။ (၄) ယူနန်ပြည်နယ်အတွင်း အချို့သောနယ်စပ်ဂိတ်၏ အခြေခံအဆောက်အအုံများသည် အဆက်မပြတ်ပြီး ပြည့်စုံလာပြီးဒေသတွင်း လွယ်ကူအဆင်ပြေစွာဂိတ်ဖြတ်ရေးအတွက် သိသာထင်ရှားသောအောင်မြင်မှုများရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ယူနန်ပြည်နယ်၏ပြည်ပကုန်သွယ်မှုသည် ပြည်နယ်အတွင်းမှ အကောက်ခွန်ဌာနသို့ လျှောက်တင်ခဲ့သည့် ကုန်သွယ်မှုပမာဏမှာ ယွမ်(၆၈. ၀၅)ဘီလီယံရှိပြီး တစ်ပြည်နယ်လုံးပြည်ပကုန်သွယ်မှုပမာဏ၏ ၄၄. ၇% ပါဝင်ခဲ့သည်။ ပါဝင်ခဲ့သည့်အချိုးအစားမှာ ၂၀၁၄ခုနှစ်ထက် ၂. ၄% တိုးတက်ခဲ့သည်။ ၎င်းအနက် သဘာဝဓာတ်ငွေ့တင်သွင်းမှု၏ ဆွဲဆောင်ခြင်းကြောင့် ရွှေလီနယ်စပ်ဂိတ်မှတစ်ဆင့် အကောက်ခွန်ဌာနသို့ လျှောက်တင်ခဲ့သည့် ကုန်သွယ်မှုပမာဏမှာယွမ်(၂၀၉. ၅)ဘီလီယံရှိပြီး ယူနန်ပြည်နယ်အတွင်း ပြည်ပကုန်သွယ်မှုပမာဏ ယွမ်(၁၀)ဘီလီယံကို ချိုးဖောက်ခဲ့သည့် တစ်ခုတည်းသောနယ်စပ်ဂိတ်ဖြစ်လာသည်။ (၅)အချို့သောပို့ကုန်သွင်းကုန်ပစ္စည်းများ၏ဖွဲ့စည်းပုံကို ဆတက်ထမ်းပိုး တိုးကောင်းမွန်လာပြီး တင်ပို့ရန်လယ်ယာထွက် ကုန်ပစ္စည်း၊ မြေသြဇာဈေးကွက်၏ ပြိုင်ဆိုင်မှုအားသာချက်စသည်တို့သည် ပိုမိုထင်ရှားလာသည်။




၂၀၁၅ခုနှစ်တွင် ယူနန်ပြည်နယ်၏ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုပမာဏသည် ၄၂. ၄% တိုးတက်ခဲ့ပြီး တစ်ပြည်နယ်လုံးပို့ကုန်ပမာဏ၏ လေးပုံတစ်ပုံခန့်ပါဝင်ခဲ့ပြီး ၂၀၁၄ ခုနှစ်ထက် ၉. ၁% တိုးတက်ခဲ့သည်။ လောလောဆယ် ယူနန်ဆေးရွက်ကြီး၊ ယူနန်ပန်းမန်၊ ယူနန်ကော်ဖီ၊ ယူနန်လက်ဖက်စသည့် ဝိသေသထူးခြားချက်ပါစိုက်ပျိုးရေးကုန်အမှတ်တံဆိပ်များ ဖြစ်တည်လာနေပြီး ကုန်ပစ္စည်း၏ ထပ်ဆင့်တန်ဖိုးကို ဆတက်ထမ်းပိုးတိုး မြှင့်တင်လာခဲ့သည်။ (၆) အချို့သော Bulk Stock ကုန်ပစ္စည်းများသည် ဈေးနှုန်းကျဆင်းပြီး အရေအတွက်လည်း များပြားလာသောကြောင့် ကုန်သွယ်မှု အချက်အလက်သည် ပိုမိုကောင်းမွန်လာသည်။ တစ်ပြည်နယ်လုံး အရင်းအမြစ်သိုလှောင်ရန်အတွက် အခွင့်ကောင်းဖြစ်သည်။

“(၁၂)ခုမြောက် ငါးနှစ်စီမံကိန်း” ကာလတွင် ယူနန်ပြည်နယ်၏ ပြည်ပကုန်သွယ်မှုပမာဏစုစုပေါင်းမှာ ယွမ်(၇၂၇. ၅၇)ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ “(၁၁)ခုမြောက်ငါးနှစ်စီမံကိန်း” ကာလ၏(၂. ၂)ဆဖြစ်ပြီး ယူနန်ပြည်ပကုန်သွယ်မှု၏ နှစ်စဉ်ပျမ်းမျှတိုးတက်နှုန်းသည် ၁၀. ၈%ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးလာခြင်း၊ နိုင်ငံတကာကုန်သွယ်မှုပတ်ဝန်းကျင် ရှုပ်ထွေးပွေလီလာခြင်း၊ တစ်နိုင်ငံလုံးတွင် ပြည်ပကုန်သွယ်မှုပမာဏတစ်ရပ်လုံးကျဆင်းခြင်းစသည့်အခြေအနေအောက်တွင် ယူနန်၏ပြည်ပကုန်သွယ်မှုပမာဏမှာယွမ်(၁၅၂. ၂၇)ဘီလီယံသာရှိပြီး ၂၀၁၄ခုနှစ်ထက် ၁၆. ၃%ကျဆင်းသွားသည်။ ယင်းသည်၂၀၀၉ ခုနှစ်က နိုင်ငံတကာ ငွေကြေးအကျပ်အတည်း၏ ထိခိုက်မှုကြောင့် ယူနန်ကုန်သွယ်မှုပမာဏကျဆင်းခဲ့ပြီးသည့်နောက် နောက်ထပ် ကျဆင်းသွားခြင်းပင်ဖြစ်သည်။

သတင်းထောက် - ဝူဖင်၊ ရန်ကျိန်း



# ယုံဖင်ခရိုင်သိပ္ပံနည်းပညာယာဉ်ပေါင်းချုပ်ကြီးသည် ကျေးရွာ၊ စာသင်ကျောင်းတို့သို့ ကွင်းဆင်းပြီး ပညာပေး

၂၀၁၆ ခုနှစ်နှစ်ဆန်းမှစ၍ ယူနန်ပြည်နယ် ယုံဖင်ခရိုင် သိပ္ပံနည်းပညာအသင်းသည် “ကျေးရွာကွင်းဆင်းရေးလုပ်ငန်းသုံးရပ်”၊ “သိပ္ပံနည်းပညာယာဉ်ပေါင်းချုပ်ကြီးကွင်းဆင်းရေး” စသည့် အစီအစဉ်များကျင်းပခြင်းဖြင့် သိပ္ပံနည်းပညာများကို ကျေးရွာ၊ စာသင်ကျောင်းတို့သို့ ဝင်စေခဲ့သည်။ ရည်ရွယ်ချက်မှာ တစ်ခရိုင်လုံးရှိ ကျေးလက်နေလူငယ်နှင့် ပြည်သူလူထုများ၏ ဆန်းသစ်တီထွင်မှုစိတ်ဓာတ်ကို လှုံ့ဆော်လိုက်ပြီး ၎င်းတို့၏ သိပ္ပံပညာဆိုင်ရာ အသုံးပြုစွမ်းရည်ကို မြှင့်တင်စေရန်အတွက် ဖြစ်သည်။ (အပေါ်ပုံ) ယာဉ်ပေါင်းချုပ်ကြီးပေါ်ရှိ စက်ကိရိယာများလည်ပတ်ခြင်း၊ လျှပ်စစ်သံလိုက်အခြင်းအရာစသည့် သိပ္ပံနည်းပညာပုံစံ (၁၀)ခုကျော်ကို သရုပ်ပြပြီး များပြားလှသည့် လူငယ်ကျောင်းသားများ၊ ပြည်သူလူထုများကို ဆွဲဆောင်ခဲ့ကြသည်။

သတင်းထောက် - ဆူးကျိချိန်

# ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်

မကြာသေးမီက သတင်းထောက်သည် ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ရရှိသောသတင်းအရ ယခုနှစ်နှစ်ဆန်းပိုင်းတွင် ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်နယ်အတွင်းရှိခရီးသွားအေဂျင်စီများအသင်းမှ အသင်းဝင်၊ ခရီးသွားလုပ်ငန်းရှင်(၁၅)ဦးကို စည်းရုံး၍ ကူမင်းမြို့မှ ထွက်ခွာပြီး အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်တွင်ကျင်းပသည့် အိန္ဒိယခရီးသွားနှစ်(၂၀၁၆)အခမ်းအနားတက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါဒေသ၏ ခရီးသွားအရင်းအမြစ်များနှင့် ထွက်ကုန်ပစ္စည်းများအပေါ် (၁၀)ရက်ကြာလေ့လာခဲ့ကြကြောင်း သိရှိရသည်။

ယင်းသည် ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွန်းအားပေးရေး၏ ပုံရိပ်အချို့တစ်ခုပင်ဖြစ်သည်။ ယမန်နှစ်မှစ၍တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဖြာထွက်မှုစင်တာတည်ဆောက်ရေးလုပ်ငန်း ဘက်စုံအကောင်အထည်ဖော်ဆောင်လာသည်နှင့် အမျှ ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းသည် ယင်းအခွင့်ကောင်းယူ၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအတွက် အကျိုးများစွာဖြစ်ထွန်းစေသောလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လေဟာနယ်များချဲ့ထွင်နိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အပိုင်းတွင် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေး၊ မဟာမဲခေါင်ဒေသခွဲ(GMS)ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏"တစ်ဇုန်တစ်လမ်း"ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကိုအခြေခံ၍ တရုတ်အစိုးရခရီးသွားရေးဦးစီးဌာနချုပ်၊ ယူနန်ပြည်နယ်အစိုးရတို့သည် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးအတွက် သုတေသနပြုလေ့လာရေးလုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်ခဲ့သည်။တရုတ်-အိန္ဒိယစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ခရီးသွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၁၅)ကိုလည်းကောင်း၊ တောင်အာရှစီးပွားရေးဖိုရမ်(၂၀၁၅)နှင့်တရုတ်-အိန္ဒိယခရီးသွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၁၅)ကိုလည်းကောင်း အသီးသီးကျင်းပခဲ့သည်။ ကြိမ်ပေါင်းများစွာကျင်းပခဲ့သည့် GMSနိုင်ငံများအစည်းအဝေးများကိုအမှီပြု၍ ယူနန်ပြည်နယ်အနေနှင့် "ရွှေစတုဂံ"ခရီးသွားဇုန်တည်ဆောက်ရေးနှင့်တရုတ်-အိန္ဒိယ-မြန်မာ-ထိုင်းလေးနိုင်ငံကိုပတ်ကွင်းသော ခရီးသွားလမ်းကြောင်းချိတ်ဆက်ရန် အသေးစိတ်စီမံကိန်းများကို တက်ကြွစွာဆက်သွယ်ဆောင်ရွက်ခဲ့သည်။ တရုတ်-ဗီယက်နမ်နယ်စပ်ခရီးသွားရေး၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး . . . လုပ်ငန်းရပ်အသီးသီး၏လက်တွေ့ဖော်ဆောင်ခြင်းဖြင့် ယူနန်ပြည်နယ်သည် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ခရီးသွားထွက်ကုန်ဖွံ့ဖြိုးခြင်း၊ ခရီးသွားဧည့်သည်များအပြန်အလှန်ပို့ဆောင်ပေးခြင်း၊ ခရီးသွားရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွား ကုန်အမှတ်တံဆိပ်တီထွင်ဖန်တီးခြင်း၊ ခရီးသွားစီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ခြင်းနှင့် ခရီးသွားလူချွန်လူကောင်းများ ပျိုးထောင်မွေးထုတ်ခြင်းစသည့်ဘက်တွင် ပူးပေါင်းဖလှယ်စေရန်ခြေလှမ်းမှန်မှန် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။


ယူနန်ပြည်နယ်ရှိရှုခင်း

၂၀၁၆ခုနှစ်တွင် ယူနန်ပြည်နယ်အနေနှင့် GMS ခရီးသွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးများကို ဆက်လက်အခြေခံ၍ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာနိုင်ငံတကာ ခရီးသွားပူးပေါင်းဆောင်ရွက်ရေးရပ်ဝန်းတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတူ ကျူးကျန်းမြစ် တြိဂံဒေသကြီး၊ အနောက်ပိုင်းပြည်နယ်/မြို့(၁၂)ခု၊ အရှေ့မြောက်ပိုင်းနှင့်အနောက်တောင်ပိုင်း၊ ယူနန်ပြည်နယ်နှင့် ရှန်ဟဲမြို့တို့အကြားမှ ပူးပေါင်းဆောင်ရွက်ရေးစနစ်များကို စနစ်တကျပေါင်းစပ်ထားပြီး ခရီးသွားဈေးကွက် လိုအပ်ချက်များကိုခွဲစိတ်ကာ မတူခြားနားသောအရောင်းမြှင့်တင်မှုအစီအစဉ်၊ ရောင်းချမှုအစီအစဉ်များကို ရေးဆွဲသွားမည်ဖြစ်သည်။ ပြည်တွင်းပြည်ပမှ ခရီးသွားလုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ယူနန်ပြည်နယ်၏ ဒေသတွင်းခရီးသွား ပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့တွန်းအားပေးစေမည်ဖြစ်သည်။

သတင်းထောက် - ကျူးဟိုင်

# ရှေးဟောင်း ယူနန်ယဉ်ကျေးမှုခရီးသွား နာမည်ကျော်မြို့သည် တရုတ်နိုင်ငံတော်ဂေဟာခရီးသွားစံပြဇုန်အဖြစ် စာရင်းဝင်

ယခုရက်ပိုင်းတွင် တရုတ်အစိုးရခရီးသွားဦးစီးဌာနချုပ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၅ခုနှစ် တရုတ်နိုင်ငံတော်ဂေဟာခရီးသွားစံပြဇုန်များစာရင်းကို ထုတ်ပြန်ခဲ့သည်။ တရုတ်တစ်နိုင်ငံလုံးရှိ ရှုခင်းသာဒေသ (၃၅)ခုတို့သည် အစစ်ဆေးခံစာရင်းဝင်ခဲ့သည်။ ၎င်းအနက် ယူနန်ပြည်နယ်၏ ရောင်စုံယူနန် • ရှေးဟောင်းယူနန်ယဉ်ကျေးမှု ခရီးသွားနာမည်ကျော်မြို့သည် ခရီးသွားစံပြဇုန်အဖြစ် အရွေးခံရသောကြောင့် ယူနန်ပြည်နယ်၏တစ်ခုတည်းသောရှုခင်းသာဒေသဖြစ်လာသည်။



ရှေးဟောင်းယူနန်ယဉ်ကျေးမှုခရီးသွားနာမည်ကျော်မြို့စီမံကိန်းသည် ယူနန်ပြည်နယ်၏သမိုင်းယဉ်ကျေးမှုခရီးသွားစီမံကိန်းကြီး(၁၀)ရပ်အနက် ဇယားထိပ်တွင် ထည့်သွင်းထားသော စီမံကိန်းကြီးတစ်ရပ်အဖြစ် ယဉ်ကျေးမှုခရီးသွားကုန်ထုတ်လုပ်ငန်းစီမံကိန်းခွဲ(၄၇)ရပ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းပုံမှာ "ချက်ဗွေတစ်ခု"၊ "ဝင်ရိုးနှစ်ခု"၊ "ရပ်ကွက်သုံးခု"အဖြစ် ရေးဆွဲထားကြောင်း၊ စီမံကိန်းတစ်ရပ်လုံးသည် ဟုန်စန်းတောင်ကို အဓိကထား၍ တရုတ်စာလုံး"十" ပုံသဏ္ဌာန်အတိုင်း ရှေးဟောင်းယူနန်ယဉ်ကျေးမှုခရီးသွားဗဟိုဝင်ရိုးမျဉ်းကို တည်ဆောက်ထားကြောင်း၊ တောင်မြောက် ဝင်ရိုးမျဉ်းအတိုင်း ရှေးဟောင်းယူနန်နန်းတော်၊ ရှေးဟောင်းယူနန်တိုင်းရင်းသားမျိုးရိုးတူစုစတိုင်လ်ပါစီးပွားရေးရပ်ကွက်များကို အစဉ်လိုက်တည်ဆောက်ဖော်ပြထားပြီး ရှေးဟောင်းယူနန်ယဉ်ကျေးမှုပြသရေးစင်တာနှင့် ထိတွေ့ခံစားရေးစင်တာကို ဖြစ်တည်လာခဲ့ကြောင်း၊ အရှေ့အနောက် ဝင်ရိုးမျဉ်းအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရင်ပြင်တည်ဆောက်ထားပြီး အနီးတစ်ဝိုက်တွင် ရှေးဟောင်းယူနန်ဇာတ်ရုံကြီး၊ ရှေးဟောင်းယူနန်ဘုရင်ထမင်းစားဆောင်၊ ရောင်စုံယူနန်ယဉ်ကျေးမှုကုန်ဝယ်စင်တာကိုတည်ဆောက်၍ရှေးဟောင်းယူနန်ယဉ်ကျေးမှုတင်ဆက်ပြသရန်စင်တာ၊ အပန်းဖြေအနားယူရန် စင်တာများဖြင့်ပတ်ကွင်း၍ ဖြစ်တည်လာခြင်းဖြစ်ကြောင်း၊ "ရပ်ကွက်သုံးခု"မှာ ကန်ပတ်လမ်းတောင်ပိုင်း၏ မြောက်ဖက်၌ ကမ်းနားစိမ့်မြေဥယျာဉ်၊ အပန်းဖြေခရီးသွားဇုန်၊ ချန်ရောင်တောင် ကျန်းမာရေးအပန်းဖြေအနားယူရေး ဥယျာဉ်တို့ကိုဖြစ်တည်စေ၍ ဂေဟာအပန်းဖြေဇုန်၊ အလယ်ပိုင်းခရီးသွားအပန်းဖြေမှု၊ နေထိုင်မှု၊ ကုန်သွယ်မှုစသည့် မြို့ပြအထွေထွေဇုန်များနှင့် စနစ်တကျ ပေါင်းသွင်းသွားခြင်းဖြစ်ကြောင်း၊ တောင်မြောက်အလယ်ဝင်ရိုးမှ တောင်ဖက်သို့ဆန့်တန်း၍ စီးပွားရေးဇုန်၊ ရုံးလုပ်ငန်း၊ နေထိုင်မှုများ တစ်ပါတည်း စုစည်းထားသောတောင်ပိုင်းနေထိုင်မှုမြို့သစ်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သတင်းအရသိရှိရသည်။

စတုရန်းကီလိုမီတာ(၂၀၀)ကျော်ကျယ်ဝန်းသော တျန်းချီကန်ကြီး၏တောင်ရေမြေအရင်းအမြစ်နှင့်စိမ့်မြေရှုခင်းအရင်းအမြစ်များကို အမှီပြု၍တည်ဆောက်ထားသော ယဉ်ကျေးမှုခရီးသွားအပန်းဖြေစီမံကိန်းဖြစ်သည့်"ရှေးဟောင်းယူနန်ယီဟိုင်ဆိပ်ကမ်းကြီး"သည် မြို့သူမြို့သားများကို ပိုမိုဆွဲဆောင်နိုင်သည်။ ဆိပ်ကမ်းမှ တစ်စင်းပြီးတစ်စင်းထွက်ခွာကြသည့်ရှေးဟောင်းယူနန်ထူးခြားချက်ပါသော အပျော်စီးအလှပြ စစ်ရေယာဉ်များသည် ရှေးခေတ်တျန်းချီကန်၏ "ပင်လယ်ရေပြင်" ရှုခင်းများကို ထပ်မံသရုပ်ဖော်ခဲ့သည့်အပြင် ရှေးဟောင်းယူနန်နာမည်ကျော်မြို့မှ "ရေ"၏ အနှစ်သာရကိုကြွယ်ဝစေပြီး ရှေးခေတ်ယူနန်သမိုင်းတွင် "ငါးလုပ်ငန်း"ယဉ်ကျေးမှု၏ အမြုတေကျလောက်သည့် ကယ်ရီယာကိုလည်းပြသနိုင်သည်။ စုံစမ်းမေးမြန်းခြင်းအရ ယင်းစီမံကိန်းသည် ခရီးသွားများအား သဘာဝကြီးနှင့်နီးကပ်စေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစေခြင်း၊ တျန်းချီကန်သို့ စွန့်ပစ်ပစ္စည်းထုတ်လွှတ်မှုကင်းရှင်းစေခြင်း၊ ညစ်ညမ်းမှုကင်းရှင်းစေခြင်း၏ အခြေခံပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယူနန်ပြည်နယ်၏ တျန်းချီကန်ရေပေါ် ကစားပျော်ရွှင်မှုနှင့် တင်ဆက်ပြသမှုလုပ်ငန်းအတွက် ရှေ့ဆောင်လမ်းပြပြုခဲ့ကြောင်း သိရှိရသည်။

သတင်းထောက်-ဟူစီမေ၊
စွင်းပင်း

## အထူးကဏ္ဍ

# နိုင်ငံခြားသားမိတ်ဆွေများ၏ ''ယူနန်အိပ်မက်''

**အောင်လီ-ယူနန်ပြည်နယ်ကို မျက်စိကျ၍ကျဉ်နေရာ၌ ဆက်လက်နေထိုင်ချင်**

"ဗျာ . . . ဒီကိစ္စနဲ့ ပတ်သက်ပြီးပြောရင် ကျွန်တော် ဆွစ်ဇာလန်နိုင်ငံသား၊ ပီရူးနိုင်ငံသား ဒါမှမဟုတ် မက္ကစီကိုနိုင်ငံသား ဖြစ်နိုင်တယ်"။ နိုင်ငံသားအကြောင်းနှင့်ပက်သက်၍ ပြောသည့်အခါ ဆံပင်လည်းကောက်၊ နှုတ်ရည်လည်းတော်သည့် အောင်လီက ထိုသို့ရှင်းပြလိုက်သည်။ ဖခင်ဖြစ်သူသည် ဆွစ်ဇာလန်နိုင်ငံသံတမန်ဖြစ်သည်၊ မိခင်ဖြစ်သူသည် ပီရူးနိုင်ငံသူဖြစ်သည်၊

အောင်လီကမူ မက္ကစီကိုနိုင်ငံတွင် မွေးဖွားခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူခဲ့သည်။ လောလောဆယ် တရုတ်နိုင်ငံတွင် တရုတ်ဘာသာသင်ယူနေဆဲဖြစ်သည်။ အသက် (၂၅) နှစ်သာရှိသော်လည်း အောင်လီ၏ခြေရာမှာ ကမ္ဘာ့အနှံ့တွင် ပြန့်နှံ့ခဲ့ပြီးဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် အောင်လီသည် ဩစတြေးလျာနိုင်ငံ ကွင်းစလန် တက္ကသိုလ်မှ ဟိုတယ်စီမံခန့်ခွဲမှု ဘာသာရပ်ဖြင့်ဘွဲ့ရခဲ့ပြီး ယင်းဒေသရှိ ဟိုတယ်တစ်ခုတွင် ဝန်ထမ်းလုပ်ခဲ့သည်။ တစ်ခါတုန်းက တရုတ်ဧည့်သည်များက ယင်းဟိုတယ်သို့ အမြဲသွားရောက် တည်းခိုကြသည်။

တရုတ်ဧည့်သည်တို့သည် အများအားဖြင့် တောက်လျှောက် ဆိုက်ရောက်သောလေယာဉ် သို့မဟုတ် စင်းလုံးငှားလေယာဉ်ဖြင့် ဩစတြေးလျတိုက်သို့ သွားရောက်လည်ပတ်ကြသော ဧည့်သည် တော်များဖြစ်ကြသည်။ ညတစ်ညတွင် တရုတ်ဧည့်သည်တစ်ဦးက reception သို့ ဖုန်းဆက်ပြီး အကူအညီတောင်းခံလာသည်။ အခန့်သင့်သည်မှာ ထိုအခါတရုတ်ဧည့်လမ်းညွှန်လည်း ဟိုတယ်တွင် မရှိပေ။ မတတ်သာသောကြောင့် ဟိုတယ်မန်နေဂျာသည် အောင်လီအား ထိုဧည့်သည်အတွက် ဝန်ဆောင်မှုပေးစေခဲ့သည်။ အဆုံးမှာ ဘာသာစကားမပေါက်သောကြောင့် နှစ်ဦးနှစ်ဘက်တို့သည် လက်ဟန်ခြေဟန်၊ ပန်းချီပုံဆွဲခြင်းတို့ဖြင့် ဖလှယ်ရသဖြင့် အလွန်ပင်လုပ်ရခက်သည်။ သို့သော် ထိုတရုတ်ဧည့်သည်တော်သည် အလွန်စိတ်ရှည်၍ ချစ်ကြည်ရင်းနှီးလှသောကြောင့် အောင်လီ၏စိတ်ထဲတွင် လေးနက်စွာကျန်ရစ်ခဲ့သည်။ ဤသို့နှင့် တရုတ်ဘာသာသင်ယူလိုစိတ်သည် ပေါက်ဖွားလာတော့သည်။

၂၀၁၅ ခုနှစ်တွင် အောင်လီက ဆွစ်ဇာလန်သို့ ပြန်သွားခဲ့သည်။ အစက ဆွေမျိုးနှင့်အတူ ဟိုတယ်ဖွင့်ရန် ကြံဆသော်လည်း တရုတ်ဘာသာ သင်ယူရန်ကိစ္စကိုတွေးတွေးချင်း ၎င်းသည် တရုတ်ဘာသာသင်ယူဆည်းပူးရန် တရုတ်နိုင်ငံသို့ တစ်နှစ်၊ နှစ်နှစ်ခန့် အရင်လာရောက်မည်ဟု ဆုံးဖြတ်လိုက်သည်။ အကြိမ်ကြိမ် စဉ်းစားနှိုင်းယှဉ်ခြင်းအားဖြင့် ၎င်းသည် ကူမင်းမြို့ကို ရွေးချယ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ကူမင်းမြို့သည် နေထိုင်ရန် သင့်လျော်သည်၊ ရာသီဥတုသာယာသည်၊ ကျောင်းစရိတ်လည်း သက်သာသည်။ ၎င်းအပြင် ပေကျင်း၊ ရှန်ဟဲ၊ ကွမ်ကျိုး စသည့် မြို့ကြီးတွင် နိုင်ငံခြားသားများလွန်းလှသောကြောင့် တရုတ်ဘာသာသင်ယူရန် အကျိုးရှိမှာမဟုတ်ပါဟု အောင်လီက စိုးရိမ်မိသည်။ ပတ်ဝန်းကျင်အသစ် စက်စက်ထဲပေါင်းစပ်လျှင် မလွယ်သော်လည်း ဘာသာစကား သင်ယူရေး၏ အကောင်းဆုံးသော နည်းလမ်းမှာ ဒေသခံများနှင့် များနိုင်သမျှများအောင် ဆက်ဆံဖလှယ်သွားမည် ဖြစ်သည်ဟု အောင်လီက ပြောသည်။





"ခုထက်ထိ ကျွန်တော် ယူနန်မှာ ဘာစိတ်ညစ်စရာကိစ္စတစ်စုံတစ်ခုမှ မကြုံဖူးဘူး။ ပတ်ဝန်းကျင်ရှိ နိုင်ငံခြားသားမိတ်ဆွေများ ယူနန်အပေါ် ညည်းညူတာကိုလည်း ဘယ်တော့မှ မကြားဖူးပါ"။ အောင်လီက ဘာသာစကား သင်ယူရန် ကူမင်းမြို့ကို ရွေးချယ်လိုက်ခြင်းသည် အလွန်မှန်ကန်ကြောင်း၊ စားသောက်ဆိုင်များတွင် ဒေသခံများက နိုင်ငံခြားသားမိတ်ဆွေများနှင့် လက်ဦးမှုရှိရှိနှင့် နုတ်ဆက်ကြသည်ကို အမြဲတွေ့မြင်နိုင်ကြောင်း၊ တစ်ခါတစ်ရံ ကျွန်တော်တို့နှင့်လည်း အရက်တစ်ခွက်လောက်သောက်သေးကြောင်း၊ လမ်းမတွင် ငယ်ရွယ်သူမိခင်များက မိမိ၏သားသမီးများကို ခေါ်ဆောင်၍ ကျွန်တော်တို့နှင့် ချစ်ခင်ရင်းနှီးစွာ ပြုံးပြလိုက်သည်ကို ကြုံတွေ့နိုင်ကြောင်း၊ ထိုအခါတွင် ကျွန်တော်သည် တတ်သစ်စတရုတ်စကားဖြင့် သူတို့နှင့်ဖလှယ်ကြပြီး အားလုံးတို့သည် အလွန် ပျော်ရွှင်ကြကြောင်း ကျွန်တော့်ကို ပြောသည်။ တစ်နှစ်တာကာလအတွင်း အောင်လီက ယူနန်ပြည်နယ်၏တံခါးဖွင့်မှု၊ ပြည်သူလူထုများ၏ ချစ်ကြည်ရင်းနှီးမှုများကို နက်ရှိုင်းစွာ ခံစားမိသည်။

အောင်လီက ဘော်လုံးကန်မှုကို အလွန် ဝါသနာပါသည်။ ကူမင်းမြို့တွင် နိုင်ငံအသီးသီးမှ ရောက်ရှိလာကြသော နိုင်ငံခြားသားလူငယ်များရှိသည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့ညနေကျပိုင်း ၎င်းတို့က ဘော်လုံးကန်လေ့ရှိသည်။ ညပိုင်းတွင် ၎င်းတို့ကလည်း အိုင်ယာလန်ကော်ဖီဘားတွင် ဘီယာသောက်ကြသည်၊ ပါတီလုပ်ကြသည်။ ယင်းကော်ဖီဘားသည် ၎င်းတို့တတွေ၏ စပွန်ဆာပေးဖက်ဖြစ်ပြီး ၎င်းတို့ဘော်လုံးကန်ကြသည့်အားကစားကွင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်လည်းဖြစ်သဖြင့် ပိုမိုများပြားသောလူငယ်မိတ်ဆွေများအား အိုင်ယာလန်ကော်ဖီဘားသို့ ခေါ်ဆောင် သွားပါက အောင်လီတို့အတွက် အားကစားကွင်းအငှားစရိတ်ကို လျှော့ပေါ့ပေးနိုင်သည်။ နှစ်ဦးနှစ်ဘက်အတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေနိုင်သည်။ တဖြည်းဖြည်းနှင့် ဘော်လုံးကစားခြင်း၊ ဘားထိုင်ခြင်းတို့ဖြင့် အောင်လီ၏ယူနန်မိတ်ဆွေအသိုင်းအဝိုင်းသည် ကြီးသထက်ကြီးလာပါတော့သည်။

ပို၍ကံကောင်းသည်မှာ အောင်လီသည် ကူမင်းမြို့သူမစ္စတာကျန်နှင့် ၎င်း၏ မိသားစုဝင်များနှင့် သိရခြင်းဖြစ်သည်။ ၎င်းတို့သည်အောင်လီကို ခေါ်ဆောင်၍ ကားဖြင့် တရုတ်နိုင်ငံအနှံ့သို့ သွားရောက်လည်ပတ်ခဲ့သည်။ ၎င်းအတွက် အောင်လီသည် ကျေးဇူးတင်၍မဆုံးဖြစ်မိသည်။ မကြာမီ မစ္စတာကျန်သည် အရက်ဘားဆိုင်တစ်ဆိုင် အသစ်ဖွင့်လှစ်ရန်ရှိပြီး အကူအညီပေးသည့်အနေနှင့်အောင်လီကို ဖိတ်ကြား၍ စီမံခန့်ခွဲပေးမည်ဟုကြံစည်နေသည်။

၎င်းအတွက် အောင်လီကမူ မိမိ၏ ထင်မြင်ယူဆချက်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံတွင် မြို့လေးတစ်မြို့တည်းတွင်ပင် လက်လုပ်ဘီယာ အလုပ်ရုံ (craft beer) (၂၀၀)ကျော်ရှိသည်။ ဤမျှကြီးမားသောကူမင်းမြို့၌ ယခုထက်တိုင် သူ (၄)ဆိုင်ကိုသာ တွေ့ရှိခဲ့သည်။ အမှန်စင်စစ်မှာ များသထက် များလာသော ယူနန်သားနှင့် ယူနန်ပြည်နယ်သို့ လာရောက်လည်ပတ်နေထိုင်ကြသူများသည် လက်လုပ်ဘီယာသောက်သုံးမှုကို ကြိုက်နှစ်သက်ကြပြီး အပန်းဖြေ အနားယူ ဘဝကိုခံစားလေ့ရှိကြသည်။ ထို့ကြောင့် လက်လုပ်ဘီယာသည် ကူမင်းမြို့တွင် ကောင်းမွန်သော ဈေးကွက်အလားအလာနှင့် ဖွံ့ဖြိုးတိုးတက်ရန်လေဟာနယ်ရှိမည်ဟု၎င်းကယုံကြည်မိသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ပင်လယ်ပြင်ပိုးလမ်းမကြီးကို ပြန်လည်ဖွံ့ဖြိုးလျက်ရှိနေကြောင်း၊ ယူနန်ပြည်နယ်သည် ဗီယက်နမ်၊ လာအို၊ အိန္ဒိယ စသည့်နိုင်ငံများနှင့်လည်း နီးစပ်နေကြောင်း၊ အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများကို သိရှိလေ့လာရန် အခွင့်အလမ်း အများအပြားရှိကြောင်း၊ လက်လုပ်ဘီယာကို ပတ်ဝန်းကျင်နိုင်ငံများသို့ဖြန့်ဖြူးရန် အခွင့်အရေးလည်း ရှိပါကြောင်း အောင်လီကပြောသည်။ ဘားဆိုင်အသစ်ဖွင့်လှစ်ရန်ကိစ္စအတွက် အောင်လီက အလုပ်ရှုပ်နေပြီဖြစ်သည်။ "အစစအရာရာ ချောမောနိုင်ရင် ကျွန်တော် ယူနန်ပြည်နယ်မှာပဲ လုပ်ငန်းများကို ရေရှည်လုပ်ကိုင်ချင်တယ်။ 'အရပ်ရှည်သူ၊ ချမ်းသာသူ၊ စမတ်ကျသူ' ဖြစ်အောင် ကြိုးစားသွားမယ်" ဟု အောင်လီကပြောသည်။

သတင်းထောက် - ဝမ်စီရွှေ